လှပသော သနပ်ခါး, မျက်နှာချေ, ပေါင်ဒါမှုန့်) – [တေရသ-ကဏ်ဋီကာ။]

"ဥိနန္ဒာနံ ပူရေန္တော မဏ္ဍေတိ နာမ" အရ ကျောက် ပေါက်ခွက်စသော နိမ့်ရာအရပ်ကို ဖြည့်သိပ်ရာ၌ နံ့သာအမှုန့် စသော ပြခဲ့သော ဂန္ဓများဖြင့် ဖို့သိပ်၍ မဖြစ်၊ ဝိလေပနတွင် ပါဝင်သော သနပ်ခါးနံ့သာအပြစ်တို့ဖြင့်သာ ဖို့သိပ်၍ ဖြစ် စရာရှိ၏၊ "ဂန္ဓဝသေန ဆဝိရာဂဝသေန စ သာဒယန္တော ဝိဘူ-သေတိ နာမ"၌လည်း ဂန္ဓဝသေနကို ထောက်၍ ဂန္ဓနှင့်ရော ဝိလေပနနှင့်ရော ဝိဘူသနကို တွဲစေလိုကြောင်း ထင်ရှား၏။

ထို့ကြောင့် "မာလာ+ဂန္ဓ+ဝိလေပန" ၃-ပုဒ်၌ "ဓာရ-ဏ+မဏ္ဍန+ဝိဘူသန" ၃-ပုဒ်နှင့် အစဉ်အတိုင်း တွဲစပ်ရသော ယထာသင်္ချာနည်းဟု မယူဘဲ ရသင့်သလို တွဲစပ်ရသော ယထာ လာဘယောဇနာနည်းဟူသာ ယူသင့်မည် ထင်သည်။ [ခုဒ္ဒက အဋ္ဌကထာ၌ "မာလာဒီသု ဓာရဏာဒီနိ ယထာသင်္ချံ ယော-ဇေတဗ္ဗာနိ" ဟူသော အဖွင့်ကိုလည်း မဟာခန္ဓကအဖွင့် တေရသကဏ် ဤဋီကာသည်ပင် နှစ်သက်ဟန် မတူ၊ ထို့ ကြောင့် "ခုဒ္ဒကဋ္ဌကထာယံ။ပ။ ဇွေကမေဝ ဝုတ္တံ=ခုဒ္ဒက အဋ္ဌကထာ၌ (သေချာစွာ ရှင်း၍ မဖွင့်ဘဲ) အစဉ်အတိုင်း တွဲစပ်ရမည်ဟု ဤမျှလောက်သာ ဆိုသည်"ဟု မနှစ်သက်သံ ဖြင့် ဖွင့်သွားလေသည်။]

**ဥစ္စာသယန မဟာသယန။** ။"ဥစ္စာသယန= မြင့်သောနေ ရာ" ဟူသည် တတောင့်ထွာ ထက် မြင့်သော ခြေရှိသော ထိုင်ခုံ ခုတင်စသော နေရာ များတည်း၊ အခြေတတောင့်ထွာထက်ပိုနေလျှင် ထိုပိုသော